# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၇) ၂၀၂၄ ခုနှစ် မေလ ၃ ရက်


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ညွှန်ကြားချက်များအကြောင်း သိကောင်းစရာ ။ | ၂-၄ |
| ၂။ | ပြည်ပသို့ရာခိုင်နှုန်းပြည့်တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ရုပ်သိမ်းသည့် အမိန့်ကြော်ငြာစာနှင့် စပ်လျဉ်းသည့် သတင်းစဉ်။ | ၅ |
| ၃။ | စင်္ကာပူနိုင်ငံတွင် အမှုစစ်ဆေးဆောင်ရွက်လျက်ရှိသော Night Court နှင့် စပ်လျဉ်း၍ လေ့လာတင်ပြခြင်း။ | ၆-၈ |
| ၄။ | Metropolitan Police Service (MPS)မှ ရဲအရာရှိများက နိုင်ငံအနှံ့ အွန်လိုင်း လိမ်လည်မှုများ ကျူးလွန်နေသော ဆိုက်ဘာဂိုဏ်းကို နှိမ်နင်းခြင်း။ | ၉-၁၀ |
| ၅။ | စင်ကာပူနိုင်ငံ၏ Personal Data Protection အကြောင်း လေ့လာခြင်း။ | ၁၁-၁၄ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၇) ၂၀၂၄ ခုနှစ် မေလ ၃ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ညွှန်ကြားချက်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ထုတ်ပြန်သည့် နိုင်ငံပိုင်၊ ဌာနပိုင်ငွေ၊ ကြွေးမြီနှင့် ပစ္စည်းဆုံးရှုံးမှုများစာရင်းမှပယ်ဖျက်ရာတွင် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက် နှင့် ၂၀၂၂ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှု ပေးထားသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ၂၉.၃.၂၀၂၄ ရက်နေ့တွင် ညွှန်ကြားချက်အမှတ် ၁/၂၀၂၄ ဖြင့် နိုင်ငံပိုင်၊ ဌာနပိုင်ငွေ၊ ကြွေးမြီ နှင့် ပစ္စည်းဆုံးရှုံးမှုများ စာရင်းမှပယ်ဖျက်ရာတွင် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါသည်။

ဤညွှန်ကြားချက်တွင် နိုင်ငံပိုင်၊ ဌာနပိုင်ငွေ၊ ကြွေးမြီနှင့်ပစ္စည်းများဆုံးရှုံးမှုကို စာရင်းမှပယ်ဖျက်နိုင်ရေးဆောင်ရွက်ရာတွင် ဦးစီးဌာနများ၏အခြေခံစာရင်းပြုဌာနများအတွက် ငွေစာရင်းထိန်းသိမ်းရေးနည်းလမ်းညွှန်ကြားချက်နှင့်အညီ စာရင်းထားရှိသည့် ဌာန၊ အဖွဲ့အစည်းများနှင့် ကူးသန်းရောင်းဝယ်ရေးစာရင်းများထားရှိသည့် အဖွဲ့အစည်းများအနေဖြင့် ဆုံးရှုံးမှုများကို စာရင်းမှပယ်ဖျက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်နှင့် တာဝန်များ၊ စာရင်းမှတ်တမ်းရေးသွင်းမှုများမှာ ဆုံးရှုံးမှုအမျိုးအစားအလိုက် ဆောင်ရွက်ခြင်းနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ဆုံးရှုံးသည့် နိုင်ငံပိုင်၊ ဌာနပိုင်ငွေ၊ ကြွေးမြီနှင့်ပစ္စည်းတန်ဖိုးပြန်လည်ရရှိခြင်း၊ ဆယ်တင်ပစ္စည်းထုခွဲရောင်းရငွေ စာရင်းတင်ခြင်းနှင့် ပယ်ဖျက်ခြင်းတို့ဖြစ်ကြောင်း၊ ဆုံးရှုံးမှုကြောင့် စာရင်းမှ ပယ်ဖျက်ရေးဆောင်ရွက်ရာတွင်ဆုံးရှုံးသည့်အရေအတွက်၊ တန်ဖိုးသတ်မှတ်ခြင်းနှင့် လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်မှု

များအတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၏ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး/တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးတွင် အတည်ပြုထားသည့် ဆုံးဖြတ်ချက်ရှိရမည် ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဆုံးရှုံးမှုများကို စာရင်းမှပယ်ဖျက်ခြင်းနှင့် နိုင်ငံပိုင်၊ ဌာနပိုင်စာရင်းမှ ပယ်ဖျက်ခြင်းတို့အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ သဘောထားမှတ်ချက်တောင်းခံရာတွင်လည်းကောင်း၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီအစည်းအဝေးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြခွင့်ပြုချက် ရယူရာတွင်လည်းကောင်း ညွှန်ကြားချက်များနှင့်အညီ လိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံစွာ တင်ပြဆောင်ရွက်ရမည်ဖြစ်ပြီး ဆုံးရှုံးမှုကို စာရင်းမှပယ်ဖျက်ခွင့်ရရှိပြီးပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းရှိမှတ်ပုံတင်စာရင်းစာအုပ်တွင် မှတ်တမ်းတင်ခြင်းကို ဆောင်ရွက်ပြီး သာမန်မဟုတ်သော ဆုံးရှုံးမှုကို စာရင်းမှ ပယ်ဖျက်ပြီးပါက ပယ်ဖျက်သည့်အမိန့်မိတ္တူကို မြန်မာနိုင်ငံ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း အပိုဒ် ၂၅၆ နှင့်အညီ ငွေစာရင်းဌာနအကြီးအကဲ၊ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေးဦးစီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)များသို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ ငွေကြေး၊ ကြွေးမြီနှင့် ပစ္စည်းဆုံးရှုံးမှုများအတွက် စာရင်းမှပယ်ဖျက်ပြီးသောကိစ္စရပ်များကို နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက စုပေါင်းစာရင်းပြုစု၍ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း အပိုဒ် ၂၆၃ နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေးဦးစီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများသို့ မိတ္တူပေးပို့ရမည်ဟု ဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံပိုင်၊ ဌာနပိုင် ငွေ၊ ကြွေးမြီနှင့် ပစ္စည်းဆုံးရှုံးမှုများကို စာရင်းမှ ပယ်ဖျက်ခြင်းနှင့်စပ်လျဉ်း၍ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များအပါအဝင် အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး

လေ့လာလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာဖတ်ရှုနိုင်ပါသည်။

e- Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၁၇) ၂၀၂၄ ခုနှစ် မေလ ၃ ရက်

## ပြည်ပသို့ ရာခိုင်နှုန်းပြည့် တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ရုပ်သိမ်းသည့် အမိန့်ကြော်ငြာစာနှင့်စပ်လျဉ်းသည့် သတင်းစဉ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀၀ ပုဒ်မခွဲ (ခ) အရ ရင်းနှီးမြှုပ်နှံသူများက ပြည်တွင်း၌ ထုတ်လုပ်ပြီး ထွက်ရှိလာသော ကုန်ချောပစ္စည်းများနှင့် တစ်စိတ်တစ်ပိုင်း ကုန်ချောထုတ်ကုန်များအားလုံးကို ပြည်တွင်းဈေးကွက်သို့ ရောင်းချခြင်းမပြုဘဲ ပို့ကုန်ထုတ်လုပ်ရန်အတွက် ပြည်ပသို့ရာခိုင်နှုန်းပြည့်တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများထံ ရောင်းချပါက ယင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ပြည်ပသို့ ရာခိုင်နှုန်းပြည့်တင်ပို့သည့်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအဖြစ်သတ်မှတ်ခြင်းကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၈၇/ ၂၀၁၇ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာအား ရုပ်သိမ်းသည့်အမိန့်ကြော်ငြာစာကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၈/ ၂၀၂၄ ဖြင့်ထုတ်ပြန်ခဲ့ကြောင်း တွေ့ရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ စိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းမြစ် https://www.dica.gov.mm

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၁၇) ၂၀၂၄ ခုနှစ် မေလ ၃ ရက်

## စင်္ကာပူနိုင်ငံတွင် အမှုစစ်ဆေးဆောင်ရွက်လျက်ရှိသော Night Court နှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း

စင်္ကာပူနိုင်ငံ၏တရားရေးစနစ်တွင် တရားရုံးများဖွဲ့စည်းရာ၌ အမြင့်ဆုံးတရားရုံး (The Supreme Court)နှင့် လက်အောက်ခံတရားရုံး (The State Courts/ Subordinate Courts) များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ လက်အောက်ခံတရားရုံးများတွင် ခရိုင်တရားရုံးများ (District Courts)၊ ရာဇဝတ်တရားရုံးများ (Magistrates' Courts)၊ မိသားစုပြဿနာများကို ဖြေရှင်းပေးသည့်တရားရုံးများ (Family Courts)နှင့် အခြားသတ်မှတ်ထားသောတရားရုံးများပါဝင်သည်။ အဆိုပါတရားရုံးများသည် အမြင့်ဆုံးတရားရုံး၏ စီရင်ပိုင်ခွင့်အာဏာအတွင်းမကျရောက်သော မူလတရားမနှင့် ပြစ်မှုများကို စစ်ဆေးကြားနာပါသည်။ လက်အောက်ခံတရားရုံးများတွင်ရှိသော တရားရုံးများအနက် ညနေပိုင်းစစ်ဆေးသောတရားရုံး(Night Court )လည်းပါဝင်ပြီး ပြစ်မှုဆိုင်ရာတရားရုံးအမျိုးအစားဖြစ်ပါသည်။

စင်္ကာပူနိုင်ငံတွင် ညနေပိုင်းစစ်ဆေးသောတရားရုံး(Night Court) ၂ မျိုးရှိရာ ညနေ ၆ နာရီနောက်ပိုင်းမှစ၍ အမှုစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပထမ Night Court အမျိုးအစားသည် အိမ်ရာဖွံ့ဖြိုးရေးဘုတ်အဖွဲ့၊မြို့ပြပြန်လည်ဖွံ့ဖြိုးရေးအာဏာပိုင်၊ ဗဟိုရန်ပုံငွေဘုတ်အဖွဲ့၊ စီးပွားရေးနှင့်ကုမ္ပဏီမှတ်ပုံတင်ဌာနစသည့် အဖွဲ့အစည်းတို့မှ သမ္မာန်စာနှင့် နို့တစ်စာထုတ်ပေးသည့်ကိစ္စများကိုဆောင်ရွက်ရခြင်းဖြစ်ပြီး ဒုတိယ Night Court အမျိုးအစားသည် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့အစည်းမှစွဲဆိုသော ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့်စပ်လျဉ်းသည့်အမှုကိစ္စများကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ညနေပိုင်းစစ်ဆေးသောတရားရုံး (Night Court)များ၏ လုပ်ငန်းတာဝန်မှာ စွပ်စွဲခံရသူများသည် ၎င်းတို့၏ အလုပ်ချိန်ပြီးဆုံးသည့် ညနေပိုင်းအချိန်တွင် တရားရုံးသို့ လာရောက်နိုင်ရန်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရခြင်းမှာ စွပ်စွဲခံရသူအချို့သည် အလုပ်ချိန်ပြီးဆုံးသည့်အချိန်တွင် ယင်းတို့၏အမှုများကို ရင်ဆိုင်ရန်အတွက် တရားရုံးသို့လာရောက်ရာတွင် ပို၍ အဆင်ပြေစေသောကြောင့်ဖြစ်ပါသည်။ ၎င်းတို့အပေါ်တရားစွဲဆိုရာတွင် minor case ဖြစ်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း

များနှင့်ဆိုင်သောကိစ္စရပ်များတွင် သက်ဆိုင်ရာအဖွဲ့အစည်းများမှ စွပ်စွဲခံရသူများကို တရားရုံးရှေ့သို့ လာရောက်ရန် အကြောင်းကြားစာ(သို့)သမ္မာန်စာများကို ထုတ်ပြန်ခြင်းဖြင့် စတင်ဆောင်ရွက်ပါသည်။ ထိုအကြောင်းကြားစာ(သို့)သမ္မာန်စာများလက်ခံရရှိသောစွပ်စွဲခံရသူများသည် ယင်းအကြောင်းကြားစာ (သို့)သမ္မာန်စာများပါသတ်မှတ်ထားသော အချိန်နှင့်နေ့ရက်တို့တွင် တရားရုံးသို့လာရောက်ရန်လိုအပ် မည်ဖြစ်ပါသည်။ တရားရုံးသို့ လာရောက်ရမည့်အချိန်နှင့်နေ့ရက်တို့အား သေချာမှတ်သားထားရန် အရေးကြီးပါသည်။ထိုနေ့တွင် တရားရုံးသို့လာရောက်ရန်ပျက်ကွက်ပါက ဝရမ်းထုတ်ပြန်၍ဖမ်းဆီးခံရ နိုင်ပါသည်။ Night Court သို့လာရောက်ရာတွင် အကြောင်းကြားစာ၊ သမ္မာန်စာ၊ အာမခံစာချုပ်နှင့် အခြားသက်ဆိုင်သော စာရွက်စာတမ်းများယူဆောင်လာရန် လိုအပ်ပါသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ဆိုင်သောအမှုကိစ္စများကို အခြားသောတရားရုံးတွင် ရင်ဆိုင်ဖြေရှင်းမည့်အစား Night Court တွင် ဒဏ်ကြေးပေးဆောင်ခြင်းဖြင့် ရင်ဆိုင်ဖြေရှင်း ဆောင်ရွက်နိုင်သည်။ Night Court တွင် ဒဏ်ကြေးပေးဆောင်ဖြေရှင်းခြင်းဖြင့် တရားရုံး ပြင်ပ ပြေလည်အောင်ဖြေရှင်းခြင်းသဘောမျိုးဖြစ်ပြီး အခြားသောတရားရုံးတွင်တရားစွဲဆိုခြင်းမှ ရှောင်ရှား ရန် ဒဏ်ကြေးငွေကို တရားစွဲအဖွဲ့အစည်းထံ စနစ်တကျပေးဆောင်စေခြင်းဖြစ်သည်။ အခြားသော တရားရုံးများတွင် တရားစွဲဆိုပါကတရားစွဲအဖွဲ့အစည်းအား ပေးဆောင်ရမည့်ဒဏ်ကြေးပမာဏထက် ပိုမိုများပြားသော ဒဏ်ငွေပမာဏကို ချမှတ်နိုင်သည် သို့မဟုတ် တရားရုံးသည် အခြားသောပြစ်ဒဏ် အချို့ကိုလည်း ချမှတ်နိုင်ပါသည်။

Night Court တွင် ဆောင်ရွက်ရမည့်အမှုများတွင် စွပ်စွဲခံရသူမှ ၎င်းအပေါ်စွဲဆိုထားသည့် အမှုကို ပုံမှန်အလုပ်ချိန်အတွင်း စစ်ဆေးသောတရားရုံး (General Mention Court) သို့မဟုတ် တရားစွဲဆိုခြင်းမပြုမီ ကြိုတင်စစ်ဆေးသောအဖွဲ့အစည်း (Pre-Trail Conference)သို့ ပြောင်းရွှေ့ လိုပါက ပြောင်းရွှေ့ရန် လျှောက်ထားနိုင်ကြောင်း တွေ့ရှိရပါသည်။

စွပ်စွဲခံရသူအပေါ်ပြစ်ဒဏ်ချမှတ်ပြီးနောက်အယူခံဝင်လိုပါက အယူခံတင်သွင်းရန်အကြောင်းကြား စာပေးပို့သည့်နေ့မှ ၁ လအတွင်း အမြင့်ဆုံးတရားရုံးသို့ လျှောက်ထားနိုင်ကြောင်း တွေ့ရှိရပါသည်။

သို့ပါ၍ စင်ကာပူနိုင်ငံတွင် သမ္မာန်စာ၊ နို့တစ်စာထုတ်ပေးသည့်ကိစ္စများ နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်စပ်လျဉ်းသည့်ကိစ္စများကို ညနေပိုင်းစစ်ဆေးသော တရားရုံး(Night Court)၌ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းတွေ့ရှိရပြီး မြန်မာနိုင်ငံတွင် သမ္မာန်စာ၊ နို့တစ်စာထုတ်ပေးသည့် ကိစ္စများကို ပြစ်မှုဆိုင်ရာတရားရုံးများမှဆောင်ရွက်ကာ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့်စပ်လျဉ်းသည့်ကိစ္စများကို မော်တော်ယာဉ်တရားရုံးများ၌ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကျမ်းကိုးစာရင်း

- https://www.guidemesingapore.com/business-guides/immigration/get-to-know-singapore/introduction-to-singapores-legal-system
- https://www.thesingaporelawyer.com/media/what-are-the-night-courts-and-why-are-some-criminal-cases-handled-there/
- https://www.thesingaporelawyer.com/media/how-do-you-compound-a-night-court-criminal-case/
- https://www.judiciary.gov.sg/criminal/charged-with-traffic-regulatory-offence/attend-night-court-or-traffic-court
- https://www.judiciary.gov.sg › criminal-docs

**Metropolitan Police Service (MPS) မှ ရဲအရာရှိများက နိုင်ငံအနှံ့ အွန်လိုင်း လိမ်လည်မှုများ ကျူးလွန်နေသော ဆိုက်ဘာဂိုဏ်းကို နှိမ်နင်းခြင်း**

လန်ဒန်မြို့၏ အရှေ့တောင်ဘက်ရှိ Bromley မြို့တွင် နည်းပညာဝန်ဆောင်မှုကိုအသုံးပြု၍ မက်ဆေ့ချ်ပေးပို့ကာ နစ်နာသူများထံမှ အချက်အလက်များခိုးယူပြီး အွန်လိုင်းမှတစ်ဆင့် လိမ်လည်မှု ကျူးလွန်နေသောရာဇဝတ်ကောင်များကို ဖမ်းဆီးခဲ့ကြောင်း အင်္ဂလန်နိုင်ငံရဲတပ်ဖွဲ့(MPS)မှထုတ်ပြန် ကြေညာခဲ့ပါသည်။

အဆိုပါဖမ်းဆီးမှုတွင် တရားခံ ၃၇ ဦး ဖမ်းဆီးရမိခဲ့ပြီး ထိုသူများထဲတွင် နိုင်ငံခြားသားများ လည်းပါဝင်ကြောင်း၊ တရားခံများသည် နည်းပညာကျွမ်းကျင်မှုမရှိသူများကို အဓိကပစ်မှတ်ထားကာ လှည့်စားနိုင်မည့် မက်ဆေ့ချ်များပေးပို့၍ အွန်လိုင်းငွေပေးချေမှုများပြုလုပ်စေခြင်းဖြင့် နစ်နာသူများ ထံမှ ငွေကြေးလိမ်လည်ရယူခဲ့ကြောင်း၊ ရဲတပ်ဖွဲ့က တရားခံများသည် နည်းပညာကျွမ်းကျင်သူများ ဖြစ်ကြပြီး ၎င်းတို့အသုံးပြုသည့် LabHost ဆိုသည့် fake web page ကို ပစ်မှတ်ထား ဖော်ထုတ်ခဲ့ ကြောင်း၊ အဆိုပါဝက်ဘ်ဆိုဒ်သည် တရားခံများက နစ်နာသူများထံ မက်ဆေ့ချ်များ ပေးပို့ရန်နှင့် အဆိုပါမက်ဆေ့ချ်များကို တရားဝင်အွန်လိုင်း ငွေပေးချေမှု သို့မဟုတ် ဈေးဝယ်ဝန်ဆောင်မှုများဟု ထင်မှတ်စေရန် ကူညီဆောင်ရွက်ပေးသည့်ဝက်ဘ်ဆိုဒ်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် တရားခံများက နစ်နာသူများ၏ ကိုယ်ရေးအချက်အလက်အပါအဝင် ဘဏ်နှင့်သက်ဆိုင်သည့်လျှို့ဝှက် နံပါတ်များကို ခိုးယူနိုင်ခဲ့ကြောင်း၊ စုံစမ်းဖော်ထုတ်ချက်အရ တရားခံများက LabHost Site ကို အသုံးပြု၍ စတာလင်ပေါင် ၁ သန်း( ဒေါ်လာ ၁.၂၅ သန်း) လိမ်လည်ခဲ့သည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

MPS ၏ Deputy Commissioner Dame Lynne Owens က ၎င်းတို့အဖွဲ့အစည်းအနေဖြင့် နိုင်ငံတကာအတိုင်းအတာတွင် အွန်လိုင်းလိမ်လည်မှုကျူးလွန်သူများကို ပစ်မှတ်ထား နှိမ်နင်းလျက်ရှိ ကြောင်း၊ ပြည်သူများအနေဖြင့် လတ်တလောအခြေအနေအရ အခြားရာဇဝတ်မှုများထက် အွန်လိုင်း လိမ်လည်မှုများ၏သားကောင်ဖြစ်နိုင်ချေ ပိုမိုများပြားလျက်ရှိသည်ဟု ပြောကြားခဲ့ပါသည်။

National Economic Crime Centre Director Adrian Searle က ယနေ့ခေတ်တွင် နည်းပညာကိုအသုံးချ၍ ပြစ်မှုကျူးလွန်ခြင်းများ ပိုမို များပြားလာကြောင်း၊ တရားခံများသည် LabHost Site ကို အသုံးပြု၍ အင်္ဂလန်နိုင်ငံသာမက ကမ္ဘာ့နေရာအနှံ့အပြားရှိ နစ်နာသူများကိုပင် လိမ်လည်နိုင်သည်ဟု ပြောကြားခဲ့ပါသည်။

အဆိုပါစုံစမ်းဖော်ထုတ်မှုသည် အင်္ဂလန်နိုင်ငံ၏မြို့တော်ရဲတပ်ဖွဲ့(City of London Police)၊ Metropolitan Police၊ အမျိုးသားမှုခင်းအေဂျင်စီ(National Crime Agency) နှင့် နိုင်ငံပေါင်း (၁၇) နိုင်ငံမှ တရားဥပဒေစိုးမိုးရေးအဖွဲ့များ၏ ၂ နှစ်ကြာဆောင်ရွက်မှုရလဒ်ဖြစ်ကြောင်း၊ အင်္ဂလန်နိုင်ငံရှိ Luton နှင့် Manchester လေဆိပ်များတွင် အဆိုပါအွန်လိုင်းလိမ်လည်မှုဖြင့် သံသယရှိသူ ၂၄ ဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း၊ တရားခံများက LabHost Site ၏ ဝန်ဆောင်မှုကို အသုံးပြုနိုင်ရန်အတွက် တစ်လလျှင်ပေါင် ၃၀၀ပေးရပြီး စုံစမ်းစစ်ဆေးရေးမှူးများက အဆိုပါ Site မှတစ်ဆင့် တရားခံ ၈၀၀ ခန့်၏ အီးမေးလ်လိပ်စာများကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ယခုစုံစမ်းစစ်ဆေးမှုသည် ရဲတပ်ဖွဲ့၊ အမျိုးသားမှုခင်းအေဂျင်စီ၊ နည်းပညာကျွမ်းကျင်ပညာရှင်များနှင့် ဘဏ်လုပ်ငန်းလုံခြုံရေး ကျွမ်းကျင်သူများပါဝင်သည့်အဖွဲ့အစည်းအတွက် အွန်လိုင်းလိမ်လည်မှုများ စုံစမ်းဖော်ထုတ်ရာတွင် ချဉ်းကပ်မှုအသစ်ဖြစ်ကြောင်း သိရှိရပါသည်။

တရားမစွဲမိဥပဒေအကြံပေးရေးနှင့်တင်ပြချက်များစိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားဖော်ပြချက် : https://www.bbc.com/news/uk-68838977
18 April, 2024
By Tom Symonds, Home Affairs correspondent

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၁၇) ၂၀၂၄ ခုနှစ် မေလ ၃ ရက်

**စင်ကာပူနိုင်ငံ၏ Personal Data Protection အကြောင်း လေ့လာခြင်း**

ကိုယ်ရေးအချက်အလက်ကာကွယ်ခြင်းအက်ဥပဒေ Personal Data Protection Act (PDPA) သည် စင်ကာပူနိုင်ငံရှိ လူတစ်ဦးတစ်ယောက်ချင်းစီ၏ ကိုယ်ရေးအချက်အလက်များအတွက် အခြေခံအကျဆုံးကာကွယ်မှုပေးထားသည့် အက်ဥပဒေတစ်ခုဖြစ်ပါသည်။ အဆိုပါ Personal Data Protection အက်ဥပဒေသည် လူတစ်ဦးတစ်ယောက်ချင်းစီ၏ အချက်အလက်များကို ထိန်းသိမ်းကာကွယ်ပေးရသည့်အပြင် ထိန်းသိမ်းကာကွယ်ပေးရမည့်အဖွဲ့အစည်းတစ်ခုအနေဖြင့် ကိုယ်ရေးအချက်အလက်များကို မည်သို့ကောက်ယူ၊ အသုံးပြု၊ ထုတ်ဖော်ရမည်ကို ထိန်းချုပ်ထားကြောင်း တွေ့ရပါသည်။

၂၀၁၂ ခုနှစ်က ပထမအကြိမ်ပြဋ္ဌာန်းခဲ့သည့် PADA ကို ၂၀၂၀ ပြည့်နှစ်တွင် European Union's General Data Protection Regulation (GDPR) GDPR laws ၏ ပြဋ္ဌာန်းချက်များစွာကို ကိုးကားပြီး မွမ်းမံပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ ထို့ပြင် PDPA သည် Do Not Call (DNC) မှတ်ပုံတင်ရုံး တည်ထောင်မှုကိုလည်း ထောက်ပံ့ပေးပါသည်။ Personal Data Protection တွင် မိမိမလိုလားသော ဖုန်းခေါ်ဆိုမှုများကို ရှောင်ရှားရန်အတွက်လည်း ပြဋ္ဌာန်းထားပါသည်။ စင်ကာပူနိုင်ငံရှိ လူတစ်ဦးတစ်ယောက်ချင်းစီသည် အဆိုပါ Do Not Call (DNC)တွင် မှတ်ပုံတင်ထားခြင်းဖြင့် မိမိထံသို့ မိမိမသိသော Telemarketing ဖုန်းခေါ်ဆိုမှုများ ဝင်ရောက်လာမှုကို ဟန့်တားနိုင်မည်ဖြစ်ပါသည်။

PDPA သည် လူတစ်ဦးချင်းမှသည် စီးပွားရေးလုပ်ငန်းများ၊ public အေဂျင်စီများနှင့် ဝန်ထမ်းများကဲ့သို့သော စသည့် ကျယ်ပြန့်သော နယ်ပယ်ထိ သက်ရောက်လွှမ်းခြုံမှုရှိကြောင်း တွေ့ရပါသည်။ PDPA တွင် လိုက်နာရမည့်တင်းကြပ်သောအချက်အလက်ကာကွယ်ရေး (data protection) မူဝါဒများရှိပြီး ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ကိုယ်ရေးကိုယ်တာအချက်အလက်ကောက်ယူမှု၊ အသုံးပြုမှု၊ထုတ်ဖော်မှုတို့တွင် အသုံးပြုသူကာယကံရှင်၏သဘောတူညီခြင်းကို အထူးအလေးပေးထားကြောင်း တွေ့ရပါသည်။ ကာယကံရှင်ထံသို့ အသိပေးချက်ပေးပို့ခြင်းမှသည် ကာယကံရှင်၏သဘောဆန္ဒ

လိုအပ်မှုသည် ကန့်သတ်ချက်နှင့် တိကျမှန်ကန်မှုစံနှုန်းများဖြစ်စေရန် ရည်ရွယ်ပြီး အဖွဲ့အစည်းအနေဖြင့် ဒေတာလုံခြုံရေး နှင့် ခိုင်မာမှုအမြင့်ဆုံးအဆင့်ကို ထိန်းသိမ်းရန် တာဝန်ရှိပါသည်။

PDPA ဆိုသည်မှာ လူတစ်ဦး၏ကိုယ်ရေးအချက်အလက်များကို ဆိုလိုခြင်းဖြစ်ပြီး လူတစ်ဦး တစ်ယောက်ချင်းကို ခွဲခြားသတ်မှတ်ရာတွင်လည်းကောင်း သို့မဟုတ် အဖွဲ့အစည်းက အသုံးပြုသည့် ယင်းအချက်အလက်များကို ခွဲခြားသတ်မှတ်ရာတွင်လည်းကောင်း အသုံးပြုနိုင်ပါသည်။

PDPA ကို ယေဘူယျအားဖြင့် တစ်ဦးချင်းစီ၏ ကိုယ်ရေးကိုယ်တာ သို့မဟုတ် မိသားစုဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရာတွင်လည်းကောင်း၊ လူတစ်ဦးချင်း၏ အမည်၊ ရာထူး၊ လုပ်ငန်းအီးမေးလ်၊ လုပ်ငန်းလိပ်စာနှင့် အခြားအလားတူအချက်အလက်များကဲ့သို့သော စီးပွားရေးလုပ်ငန်းပိုင်းဆိုင်ရာ အဆက်အသွယ်အချက်အလက်များတွင်လည်းကောင်း၊ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကောက်ယူ၊ အသုံးပြု သို့မဟုတ် ထုတ်ဖော်သည့် public အေဂျင်စီများ နှင့် အဖွဲ့အစည်းတစ်ခုတွင် လုပ်ကိုင်နေသောဝန်ထမ်းတစ်ဦး၏ သီးခြားစွမ်းဆောင်ရည်များတွင်လည်းကောင်း အသုံးပြုနိုင်ကြောင်း တွေ့ရပါသည်။

အချက်အလက်များကိုကာကွယ်ရာတွင် လိုက်နာရမည့်တာဝန်များ၊ တာဝန်ယူမှု၊ တာဝန်ခံမှုများရှိပါသည်။ အဖွဲ့အစည်းများသည် ယင်းတို့၏အချက်အလက် ကာကွယ်ရေးမူဝါဒများနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ရရှိနိုင်မှုနှင့် တိုင်ကြားချက်များလက်ခံခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ပြုလုပ်ဆောင်ရွက်ထားရမည်ဖြစ်သည်။ ၎င်းတို့အနေဖြင့် အချက်အလက်ဆိုင်ရာကာကွယ်ရေးအရာရှိ (Data Protection Officer)များကိုလည်း ခန့်အပ်ရမည်ဖြစ်သည်။

အဖွဲ့အစည်းများသည် ၎င်းတို့ဝန်ဆောင်မှုကိုအသုံးပြုသည့် အသုံးပြုသူများ၏အချက်အလက်များကိုစီမံခန့်ခွဲရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုကို အခြေခံသည့်နည်းလမ်းကိုအသုံးပြုရန် လိုအပ်ပါသည်။ အဆိုပါနည်းလမ်းကိုအသုံးပြုခြင်းသည် အဖွဲ့အစည်းတစ်ခု၏ဝန်ဆောင်မှုကို အသုံးပြုသည့် အသုံးပြုသူ၏ယုံကြည်မှုကိုခိုင်မာစေပြီး အခြားသောလုပ်ငန်းများနှင့်လည်း ပိုမိုယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

ထို့ပြင် အဖွဲ့အစည်းများသည် အချက်အလက်ကောက်ယူရန်၊အသုံးပြုရန် သို့မဟုတ် ထုတ်ဖော်ရန် ရည်ရွယ်ချက်အတွက် အသုံးပြုသူတစ်ဦးချင်းစီကို အသိပေးရမည်။ အဖွဲ့အစည်းများသည် အသုံးပြုသူ တစ်ဦးချင်းစီက ခွင့်ပြုချက်ပေးထားသည့်ကိုယ်ရေးကိုယ်တာအချက်အလက်များကိုသာ ထုတ်ဖော် ခွင့်ရှိသည်။ ဤအချက်များနှင့်ပတ်သက်ပြီး ကျိုးကြောင်းဆီလျော်သော အသိပေးချက်များလုပ်ဆောင် ရမည်ဖြစ်ပြီး ၎င်းတို့၏သဘောဆန္ဒကို ရုပ်သိမ်းခြင်း၏အကျိုးဆက်များကိုလည်း တစ်ဦးချင်းထံ အသိပေးရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများအနေဖြင့် အသုံးပြုသူများ၏အချက်အလက်များကို မည်သည့်အတွက် ကြောင့်ကောက်ယူထားကြောင်း၊ ယင်းကို မည်သို့အသုံးပြုမည်ဖြစ်ကြောင်းနှင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို မည်သို့ထုတ်ဖော်မည်ဖြစ်ကြောင်းတို့ကို တစ်ဦးချင်းစီသို့ ပွင့်လင်းမြင်သာမှု ရှိစေရပါမည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းများက ကောက်ယူစုဆောင်းထားသော ကိုယ်ရေး ကိုယ်တာအချက်အလက်များသည် တိကျပြီးပြည့်စုံကြောင်း သေချာစေရမည်။ ၎င်းတို့၏ အချက် အလက်များကို အခြားအဖွဲ့အစည်းသို့ ထုတ်ဖော်မည်ဆိုပါက အဆိုပါအချက်သည် အထူးအရေးကြီး သည့်ကိစ္စရပ်ဖြစ်ပါသည်။

ကာကွယ်ပေးမှုဆိုင်ရာနှင့်စပ်လျဉ်းပြီး အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏အချက်အလက် ဆိုင်ရာလုံခြုံရေးအစီအစဉ်များသို့ တရားဝင်ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊ ကောက်ယူ စုဆောင်း ခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းတို့ကိုတားဆီးရန်အတွက် စင်ကာပူနိုင်ငံတွင် အမြင့်ဆုံးစံနှုန်းရှိကြောင်း သေချာခိုင်မာမှုရှိစေရမည်ဖြစ်ပါသည်။ ထိန်းသိမ်းမှုဆိုင်ရာကန့်သတ်ချက်နှင့်စပ်လျဉ်းပြီးလည်း ကိုယ်ရေး ကိုယ်တာအချက်အလက်ကို အချိန်အတိုင်းအတာတစ်ခုအထိသာ သိမ်းဆည်းထားနိုင်မည်ဖြစ်ပြီး နောက်တွင် အချက်အလက်များကို အပြီးတိုင် ဖျက်ပစ်ရမည်ဖြစ်သည်ကိုတွေ့ရပါသည်။

ကိုယ်ရေးကိုယ်တာအချက်အလက်များကို လွှဲပြောင်းခြင်းတွင်လည်း ကန့်သတ်ချက်များ ရှိနေပြီး PDPA အရ သတ်မှတ်ထားသည့် စံနှုန်းများနှင့်ကိုက်ညီမှုမရှိသော စင်ကာပူပြင်ပရှိ မည်သည့် နယ်မြေမျှ လွှဲပြောင်းပေးမည်မဟုတ်ကြောင်းနှင့် အချက်အလက်ပေါက်ကြားမှုတစ်ခုဖြစ်ပွားသည့်

အခါ၊ အထူးသဖြင့် ပေါက်ကြားမှုသည် တစ်ဦးတစ်ယောက်ချင်းစီကို သိသိသာသာ ထိခိုက်စေမှု ဖြစ်ပေါ်စေနိုင်သည်ဆိုပါက စီးပွားရေးလုပ်ငန်းများအနေဖြင့် အဆိုပါအချက်အလက် ချိုးဖောက်မှု သက်ရောက်ခံရသော လူတစ်ဦးချင်းစီအား အသိပေး အကြောင်းကြားရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.aseanbriefing.com/news/understanding-personal-data-protection-in
singapore

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

